# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ပြန်ကြားပေးခဲ့ပါသည်။

၂။ ၂၄ - ၁၁ - ၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် ( ၃၅ / ၂၀၂၁ )၌ အောက်ဖော်ပြပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၃)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၇)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့်ဝန်ထမ်း (၄၄)ဦး နှင့် သတ်မှတ်လုပ်သက်ကို လျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် ဝန်ထမ်း(၁)ဦး၊ စုစုပေါင်းဝန်ထမ်း (၄၅)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်းဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | နယ်စပ်ရေးရာဝန်ကြီးဌာန<br>- ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန | (၁)ဦး | ၂၉-၁၀-၂၀၂၁ | ၁၅-၁၁-၂၀၂၁ | ၁၉-၁၁-၂၀၂၁ | ၂၄-၁၁-၂၀၂၁<br>(၃၅/၂၀၂၁) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၂။ | ပြန်ကြားရေးဝန်ကြီးဌာန | | | | | |
| | (က) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန | (၃၇)ဦး | ၅-၁၁-၂၀၂၁ | ၁၁-၁၁-၂၀၂၁ | ၁၉-၁၁-၂၀၂၁ | ၂၄-၁၁-၂၀၂၁ (၃၅/၂၀၂၁) |
| | (ခ) ပြည်ထောင်စုဝန်ကြီးရုံး | (၁)ဦး အထူး လုပ်သက်လျှော့ | ၅-၁၁-၂၀၂၁ | ၁၁-၁၁-၂၀၂၁ | ၂၂-၁၁-၂၀၂၁ | ၂၄-၁၁-၂၀၂၁ (၃၅/၂၀၂၁) |
| | | (၄)ဦး | ၅-၁၁-၂၀၂၁ | ၁၁-၁၁-၂၀၂၁ | ၂၂-၁၁-၂၀၂၁ | ၂၄-၁၁-၂၀၂၁ (၃၅/၂၀၂၁) |
| ၃။ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | | | | | |
| | - အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်) | (၂)ဦး | ၁၃-၁၀-၂၀၂၁ | ၁၆-၁၁-၂၀၂၁ | ၂၃-၁၁-၂၀၂၁ | ၂၄-၁၁-၂၀၂၁ (၃၅/၂၀၂၁) |